# ၂၀၁၈ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | အပိုင်း (၁) အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက် | ၁ | - |
| ၂ | အပိုင်း (၂) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ | ၁ | ၂ |
| ၃ | အပိုင်း (၃) အရေးပေါ်ရန်ပုံငွေ | ၃ | - |
| ၄ | အပိုင်း (၄) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ | ၃ | ၄ |

၂၀၁၈ ခုနှစ် ၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ၂၀၁၈ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂ ။ )

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ် ၊ ဧပြီလ ၃ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း( ၁ )**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို **၂၀၁၈ ခုနှစ် ၊ မန္တလေးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ် ၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့် ကာလ အတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့ မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ( ၂ )**

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊**

**တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊**

**တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊**

**မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်အသုံးစရိတ်များအတွက်တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေ၏ဇယား( ၁ )၊ ( ၂ )၊ ( ၃ )နှင့်( ၄ )တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကိုထိရောက်စွာစီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါပြဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့်ဗဟိုအဖွဲ့အစည်းများ ၊ ဦးစီးဌာနများ ၊ မြို့တော်စည်ပင်သာယာ ရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များ၊ ညွှန်ကြားချက်များအရခွင့်ပြုထားသောအခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့်ဗဟိုအဖွဲ့အစည်းများ၊ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလ အထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၆။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြု ထားသောသုံးငွေများအတွင်းငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း ၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့် အရေးပေါ်ရန်ပုံငွေ အသုံး စရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကိုအမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း(၃)
## အရေးပေါ်ရန်ပုံငွေ

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက်အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အရေးပေါ်ရန်ပုံငွေမှ တောင်းခံသုံးစွဲနိုင်သည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း(၄)
## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား ( ၁ ) ၊ ( ၂ ) ၊ ( ၃ ) နှင့် ( ၄ ) တို့တွင်ဖော်ပြထားသော တိုင်းဒေသကြီးအဆင့်ဗဟိုအဖွဲ့အစည်းများ ၊ ဦးစီးဌာနများ ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေများနှင့်အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပမှ ငွေချေးယူရန် အကြောင်းပေါ်ပေါက်ပါက ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ပမှငွေချေးယူခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏အတည်ပြုချက်ရယူပြီးပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၂.၀၀၀ | ၇၅၃၃.၀၆၅ | | | | | | | ၇၅၄၅.၀၆၅ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | ၃၁၂.၀၆၀ | | | | | | | ၃၁၂.၀၆၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | ၁.၃၉၂ | | | | | | | ၁.၃၉၂ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | ၁.၅၀၄ | | | | | | | ၁.၅၀၄ |
| | **ပေါင်း** | | **၁၂.၀၀၀** | **၇၈၄၈.၀၂၁** | | | | | | | **၇၈၆၀.၀၂၁** |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၁၁၇၂ . ၄၉၁ | | ၂၉၆၄၃ . ၁၄၄ | | | | ၄၀၈၁၅ . ၆၃၅ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၅၇ . ၄၀၁ | | | | | | ၃၅၇ . ၄၀၁ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၃ . ၁၅၀ | | | | | | ၅၃ . ၁၅၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၅၀၄ . ၀၈၄ | | ၂၄ . ၀၇၆ | | | | ၅၂၈ . ၁၆၀ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၈၁၉ . ၄၀၇ | | ၄၁ . ၁၅၃ | | | | ၈၆၀ . ၅၆၀ |
| | **ပေါင်း** | | **၁၂၉၀၆ . ၅၃၃** | | **၂၉၇၀၈ . ၃၇၃** | | | | **၄၂၆၁၄ . ၉၀၆** |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | | |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၀၁၄.၄၀၇** | | | | | | | | **၃၀၁၄.၄၀၇** |
| | ၁ | ယစ်မျိုးခွန် | | ၃၀၁၄.၄၀၇ | | | | | | | | ၃၀၁၄.၄၀၇ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၆၇၀.၉၄၃** | | | | | | | | **၆၇၀.၉၄၃** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၃၄.၃၄၄ | | | | | | | | ၁၃၄.၃၄၄ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၇၁.၉၆၆ | | | | | | | | ၇၁.၉၆၆ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၇၅.၆၃၃ | | | | | | | | ၇၅.၆၃၃ |
| | ၅ | အင်းအိုင်ခွန် | | ၃၈၉.၀၀၀ | | | | | | | | ၃၈၉.၀၀၀ |
| ၃ | | **စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၈၉၉၈.၈၆၃** | | | | | | | | **၈၉၉၈.၈၆၃** |
| | ၁ | ပစ္စည်းခွန် | | ၃၂၇၆.၈၇၆ | | | | | | | | ၃၂၇၆.၈၇၆ |
| | ၂ | ဘီးခွန် | | ၅၇၂၁.၉၈၇ | | | | | | | | ၅၇၂၁.၉၈၇ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၂၇.၆၅၁** | | | | | | | **၂၇.၆၅၁** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၂၁.၈၇၄ | | | | | | | ၂၁.၈၇၄ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၂.၂၇၇ | | | | | | | ၂.၂၇၇ |
| | ၃ | မီးသတ်ဦးစီးဌာန | | | ၃.၅၀၀ | | | | | | | ၃.၅၀၀ |
| ၅ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | | **၇၄.၆၄၆** | | | | | | | **၇၄.၆၄၆** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၃၁.၅၀၀ | | | | | | | ၃၁.၅၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၆.၅၉၀ | | | | | | | ၆.၅၉၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၂၃.၈၂၆ | | | | | | | ၂၃.၈၂၆ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၆.၇၃၅ | | | | | | | ၆.၇၃၅ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၅.၉၉၅ | | | | | | | ၅.၉၉၅ |
| ၆ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | **၃.၉၁၇** | | | | | | | **၃.၉၁၇** |
| | ၁ | သစ်တောဦးစီးဌာန | | | ၃.၉၁၇ | | | | | | | ၃.၉၁၇ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | | | | | | | |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | ကြွေးမြီ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၇ | | **ကျန်းမာရေးနှင့်အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၄၀.၀၀၀** | | | | | | | **၄၀.၀၀၀** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | ၄၀.၀၀၀ | | | | | | | ၄၀.၀၀၀ |
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | | | | | | **၅၁၅၃၇.၆၁၆** | | | | **၅၁၅၃၇.၆၁၆** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၎င်း | | | | | | | | | |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | ၅၁၅၃၇.၆၁၆ | | | | ၅၁၅၃၇.၆၁၆ |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | | **၁၀၈.၁၆၉** | | | | | | | **၁၀၈.၁၆၉** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၇၀.၅၁၈ | | | | | | | ၇၀.၅၁၈ |
| | ၂ | လမ်းဦးစီးဌာန | | | ၃၇.၆၅၁ | | | | | | | ၃၇.၆၅၁ |
| ၁၀ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | | ၁၃၆၅၈.၂၂၄ | ၂၄၁၄၆.၉၈၆ | ၁၁၇၂၃.၂၅၅ | | | ၂၁၀၁၇.၇၂၀ | ၂၅၀.၀၀၀ | ၇၀၇၉၆.၁၈၅ |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | ၇၄၃၁.၇၆၀ | | | | | | | ၇၄၃၁.၇၆၀ |
| | | **ပေါင်း** | | ၁၂၆၈၄.၂၁၃ | ၂၁၃၄၄.၃၆၇ | ၂၄၁၄၆.၉၈၆ | ၁၁၇၂၃.၂၅၅ | ၅၁၅၃၇.၆၁၆ | | ၂၁၀၁၇.၇၂၀ | ၂၅၀.၀၀၀ | ၁၄၂၇၀၄.၁၅၇ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၇၀၄၀.၈၃၇** | **၁၅.၀၀၀** | **၃၄၁၈.၄၃၀** | | | | **၁၀၄၇၅.၂၆၇** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၄၇၂၆.၂၄၆ | ၁၅.၀၀၀ | ၁၃၈.၁၆၉ | | | | ၄၈၇၉.၄၁၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၈၆.၆၁၆ | | ၇၅.၀၅၀ | | | | ၂၆၁.၆၆၆ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၁၂၇.၉၇၅ | | ၃၂၀၅.၂၁၁ | | | | ၅၃၃၃.၁၈၆ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | **၃၄၆၃.၅၇၄** | | **၁၂၈.၅၇၉** | | | | **၃၅၉၂.၁၅၃** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၀၇၄.၃၉၀ | | | | | | ၂၀၇၄.၃၉၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၁၅.၂၀၄ | | ၂၇.၂၇၅ | | | | ၁၄၂.၄၈၉ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၄၁၁.၃၀၆ | | ၃၄.၅၈၀ | | | | ၄၄၅.၈၈၆ |
| | ၄ | သမဝါယမဦးစီးဌာန | | ၈၀၀.၃၀၈ | | ၁၂.၄၅၅ | | | | ၈၁၂.၇၆၃ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | ၆၂.၃၅၆ | | ၅၄.၂၆၉ | | | | ၁၁၆.၆၂၅ |
| **၃** | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၂၀၅၂.၇၅၇** | | **၁၃၄.၅၉၃** | | | | **၂၁၈၇.၃၅၀** |
| | ၁ | သစ်တောဦးစီးဌာန | | ၁၃၅၈.၆၈၆ | | | | | | ၁၃၅၈.၆၈၆ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန | | ၅၅၈.၇၁၁ | | ၁၂၈.၅၉၃ | | | | ၆၈၇.၃၀၄ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန | | ၁၃၅.၃၆၀ | | ၆.၀၀၀ | | | | ၁၄၁.၃၆၀ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၄ | | **ကျန်းမာရေးနှင့်အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၅၇၀.၉၇၁** | | | | | | **၅၇၀.၉၇၁** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၇၀.၉၇၁ | | | | | | ၅၇၀.၉၇၁ |
| ၅ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၎င်း | **၇၅၄.၉၄၈** | | **၁၁၀.၅၀၄** | | | | **၈၆၅.၄၅၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၈၇.၉၀၁ | | ၉၄.၉၅၀ | | | | ၆၈၂.၈၅၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၂၃.၅၄၆ | | | | | | ၁၂၃.၅၄၆ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၃.၅၀၁ | | ၁၅.၅၅၄ | | | | ၅၉.၀၅၅ |
| ၆ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၈၁၉.၄၈၃** | | **၉၂၉.၀၁၆** | | | | **၂၇၄၈.၄၉၉** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၇၅.၄၂၃ | | ၉၂၉.၀၁၆ | | | | ၁၂၀၄.၄၃၉ |
| | ၂ | လမ်းဦးစီးဌာန | | ၁၅၄၄.၀၆၀ | | | | | | ၁၅၄၄.၀၆၀ |
| ၇ | | **မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ** | ၎င်း | **၁၉၅၂၂.၁၃၇** | | **၅၆၇၇၆.၅၄၈** | | | ၃၀၀၀.၀၀၀ | **၇၉၂၉၈.၆၈၅** |
| ၈ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၄၄၆၆.၂၀၄** | | **၃၇၄၅.၆၉၁** | | | | **၈၂၁၁.၈၉၅** |
| | | **ပေါင်း** | | ၃၉၆၉၀.၉၁၁ | ၁၅.၀၀၀ | ၆၅၂၄၃.၃၆၁ | | | ၃၀၀၀.၀၀၀ | ၁၀၇၉၄၉.၂၇၂ |